ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**COVID-19 ဓာတ်ခွဲစစ်ဆေးခြင်းနှင့်ပတ်သက်၍ ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်**

**(၁၀-၁၁-၂၀၂၀)**

**တိုင်းဒေသကြီး/ ပြည်နယ်များရှိ နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် မပါဝင်သော မြို့နယ်များအားလုံး၌** COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၁။ ဓာတ်ခွဲအတည်ပြုလူနာနှင့်အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများ (Primary Contacts)များအား သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ထားရှိခြင်း(Facility Quarantine) ဆောင်ရွက်ရာ၌ -

(က) **ဓာတ်ခွဲအတည်ပြုလူနာနှင့် နောက်ဆုံးအကြိမ်ထိတွေ့သည့်ရက်မှ (၃)ရက်မြောက်နေ့တွင် ပထမအကြိမ်** ဓာတ်ခွဲနမူနာယူ၍ COVID-19 Antigen Test (Rapid test kit) ဖြင့် ဓာတ်ခွဲစစ်ဆေးရန်၊

(ခ) **ပထမအကြိမ်စစ်ဆေးခြင်းသည် Negative ဖြစ်ပါက ဓာတ်ခွဲအတည်ပြုလူနာနှင့် နောက်ဆုံးအကြိမ် ထိတွေ့သည့်ရက်မှ (၁၁) ရက်မြောက်နေ့တွင် ဒုတိယအကြိမ်** ဓါတ်ခွဲနမူနာ ထပ်မံရယူပြီး RT – PCR နည်းပညာဖြင့် ဓာတ်ခွဲစစ်ဆေးရန်၊

(ဂ) ဓာတ်ခွဲစစ်ဆေးခြင်း (၂) ကြိမ်စလုံးတွင် Negative ဖြစ်သော်လည်း သံသယရောဂါလက္ခဏာများ စတင်တွေ့ရှိပါက ကုသခြင်းလုပ်ငန်းအား ချက်ချင်းဆောင်ရွက်နိုင်ရန်နှင့် ပိုမိုစိတ်ချစေရန်အတွက် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူဟု စတင်သတ်မှတ်သည့်ရက်မှ (၁၄)ရက်တိတိ (မဖြစ်မနေ) သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ထားရှိခြင်း (Facility Quarantine) ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၂။ ပြည်ပနိုင်ငံများမှ ကုန်းလမ်း၊ လေလမ်း၊ ရေကြောင်းလမ်းတို့နှင့် ပြန်လည်ရောက်ရှိလာသူများနှင့် Stay at home မြို့နယ်များမှ Non-stay at home မြို့နယ်များသို့ ရောက်ရှိလာသူများအား သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ထားရှိခြင်း (Facility Quarantine) ထားရှိဆောင်ရွက်ရာ၌ -

(က) **ပြန်လည်ရောက်ရှိပြီး အသွားအလာကန့်သတ်ထားရှိမှု စတင်သည့်ရက်မှ (၃)ရက်မြောက်နေ့တွင် ပထမအကြိမ်** ဓါတ်ခွဲနမူနာယူ၍ COVID-19 Antigen Test (Rapid test kit) ဖြင့် ဓာတ်ခွဲစစ်ဆေးရန်၊

(ခ) ပထမအကြိမ်စစ်ဆေးခြင်းသည် Negative ဖြစ်ပါက ပြန်လည်ရောက်ရှိပြီး **အသွားအလာကန့်သတ်ထားရှိမှုစတင်သည့်ရက်မှ (၁၁) ရက်မြောက်နေ့တွင် ဒုတိယအကြိမ်** ဓာတ်ခွဲနမူနာ ထပ်မံရယူပြီး RT-PCR နည်းပညာဖြင့် ဓာတ်ခွဲစစ်ဆေးရန်၊

(ဂ) ဓာတ်ခွဲစစ်ဆေးခြင်း (၂) ကြိမ်စလုံးတွင် Negative ဖြစ်သော်လည်း သံသယ ရောဂါလက္ခဏာများ စတင်တွေ့ရှိပါက ကုသခြင်းလုပ်ငန်းအား ချက်ချင်းဆောင်ရွက်နိုင်ရန်နှင့် ပိုမိုစိတ်ချစေရန်အတွက် ပြည်ပနိုင်ငံများမှပြန်လည်ရောက်ရှိသည့်ရက်မှစ၍ (၁၄) ရက်တိတိ (မဖြစ်မနေ) သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ထားရှိခြင်း (Facility Quarantine) ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃။ ဓာတ်ခွဲနမူနာစစ်ဆေးရာတွင် COVID-19 Antigen Test (Rapid test kit) Positive ဖြစ်လျှင်သော်လည်းကောင်း၊ RT-PCR နည်းပညာဖြင့် ဓာတ်ခွဲစစ်ဆေးရာတွင် SARS-CoV-2 ရောဂါပိုးတွေ့ရှိပါကလည်းကောင်း သတ်မှတ်ထားသော ဆေးရုံ (သို့မဟုတ်) COVID-19 ရောဂါ ကုသရေးဌာနများသို့ စနစ်တကျလွှဲပြောင်းကုသရန် ဖြစ်ပါသည်။

၄။ သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ထားရှိခြင်း (Facility Quarantine) (၁၄) ရက်နေထိုင်ပြီးနောက် ပြန်ခွင့်ပြု၍ နေအိမ်တွင်(၇)ရက်ဆက်လက်ပြီး အသွားအလာကန့်သတ်ထားရှိရမည်ဖြစ်ပါသည်။ ထို့သို့နေအိမ်တွင် (၇) ရက် အသွားအလာကန့်သတ်ထားရှိစဉ် COVID-19 ရောဂါသံသယလက္ခဏာများတွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း ဆက်သွယ်အကြောင်းကြား၍ ကုသမှုဆောင်ရွက်ရမည် ဖြစ်ပါသည်။

၅။ နေအိမ်တွင် အသွားအလာကန့်သတ်ထားရှိစဉ်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောသတ်မှတ်ချက်များနှင့်အညီ စနစ်တကျလိုက်နာနေထိုင်စေရန်နှင့် မည်သို့နေထိုင်ရမည်ဟု ထုတ်ပြန်ထားသောလမ်းညွှန်ချက်လက်ကမ်းစာစောင်များအား တစ်ပါတည်း ပေးအပ်ရမည် ဖြစ်ပါသည်။

## နေအိမ်တွင် အသွားအလာကန့်သတ်ထားရှိခြင်းအား စနစ်တကျနှင့်ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်းပါဝင်ပံ့ပိုးဆောင်ရွက်မည့် အဖွဲ့အစည်းများ ဆောင်ရွက်ရမည့် လုပ်ငန်းများ

(၃၁-၁၀-၂၀၂၀)

၁။ မြို့နယ်အဆင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ရပ်ကွက်၊ ကျေးရွာများအလိုက် ရောဂါစောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ငယ်များဖွဲ့စည်းပေးရန်၊ အဆိုပြု ဖွဲ့စည်းပုံ၌ -

- ဒေသဆိုင်ရာအာဏာပိုင် (၁) ဦး(အုပ်ချုပ်ရေးလုပ်ငန်းဆိုင်ရာ စီမံဆောင်ရွက်ရန်)
- ကျန်းမာရေးဝန်ထမ်း (၁) ဦး
- စေတနာ့ဝန်ထမ်း (၁၀-၁၅) ဦး

၂။ ရောဂါစောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့ငယ်များက မိမိတို့တာဝန်ကျရာ ရပ်ကွက်၊ ကျေးရွာအတွင်း နေအိမ်တွင် အသွားအလာကန့်သတ်ထားရှိသူများ၏ အမည်၊ အသက်၊ နေရပ် လိပ်စာတို့အား စာရင်းပြုစုထားရှိရန်၊

၃။ နေအိမ်တွင် အသွားအလာကန့်သတ်ထားရှိစဉ် အသွားအလာကန့်သတ်ထားရှိသူများ၏ နေ့စဉ် စားသောက်နေထိုင်မှု အဆင်ပြေစေရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များနှင့် စေတနာ့ ဝန်ထမ်းများမှ တတ်နိုင်သမျှ ကူညီပံ့ပိုးပေးရန်၊

၄။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်များနှင့် စေတနာ့ဝန်ထမ်းများမှ နေ့စဉ်တယ်လီ ဖုန်း ဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းအား ဆောင်ရွက်၍ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင် ရာ ကျန်းမာရေးဝန်ထမ်း (သို့မဟုတ်) ဌာနသို့ ချက်ချင်း သတင်းပေးပို့ရန်၊ (မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူ (၂) ဦး၏ ဖုန်းနံပါတ်များအား ရောဂါစောင့်ကြပ်ကြည့်ရှု မည့် အဖွဲ့ငယ်များအား အသိပေးထားရန်)

၅။ နေအိမ်တွင် အသွားအလာကန့်သတ်ထားရှိစဉ်ကာလအတွင်း သံသယလက္ခဏာများ တစ်စုံ တစ်ရာပေါ်ပေါက်ပါက ကျန်းမာရေးဝန်ထမ်းအား ချက်ချင်းသတင်းပို့ရန်နှင့် ကြိုတင်စီစဉ် ထားသော ဆေးရုံ/ အဆောက်အဦသို့ သတ်မှတ်ထားသော လူနာလွှဲပြောင်းမှု အစီအစဉ်ဖြင့် လွှဲပြောင်းကုသနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

# မြို့နယ်များတွင် (နေအိမ်တွင် နေထိုင်ရေးအစီအစဉ် (Stay at home) သတ်မှတ်ထားသော မြို့နယ်များမှ လွဲ၍) COVID-19 ဓာတ်ခွဲစစ်ဆေးခြင်းနှင့်ပတ်သက်၍ ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်

(၁၀-၁၁-၂၀၂၀)

ပြည်ပနိုင်ငံများမှ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ပြန်လည် ရောက်ရှိလာသူများ

နေအိမ်တွင် နေထိုင်ရေးအစီအစဉ် (Stay at home) သတ်မှတ်ထားသော မြို့နယ်များမှ ရောက်ရှိလာသူများ

ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ် ထိတွေ့ဆက်စပ်ခဲ့သူများ (Primary Contacts)

ပြန်လည်ရောက်ရှိပြီး အသွားအလာကန့်သတ်ထားရှိမှု စတင်သည့် ရက်မှ (၃) ရက်မြောက်နေ့တွင် ပထမအကြိမ် ဓာတ်ခွဲနမူနာ ရယူ၍ COVID-19 Antigen Test (Rapid Test Kit) ဖြင့် စစ်ဆေးရန်

ဓာတ်ခွဲအတည်ပြုလူနာနှင့် နောက်ဆုံးအကြိမ် ထိတွေ့သည့်ရက်မှ (၃) ရက်မြောက်နေ့တွင် ပထမအကြိမ် ဓာတ်ခွဲနမူနာ ရယူ၍ COVID-19 Antigen Test (Rapid Test Kit) ဖြင့် စစ်ဆေးရန်

ပထမအကြိမ် ဓာတ်ခွဲနမူနာတွင် COVID-19 Antigen Test (Rapid test kit) Negative

ပထမအကြိမ် ဓာတ်ခွဲနမူနာတွင် COVID-19 Antigen Test (Rapid test kit) Positive

ပထမအကြိမ် ဓာတ်ခွဲနမူနာတွင် COVID-19 Antigen Test (Rapid test kit) Negative

အသွားအလာ ကန့်သတ်ထားရှိမှု စတင်သည့်ရက်မှ စတင်၍ (၁၁) ရက်မြောက်နေ့တွင် ဒုတိယအကြိမ် ဓာတ်ခွဲ နမူနာ ရယူ၍ RT-PCR ဖြင့် ဓာတ်ခွဲစစ်ဆေးရန်

ဓာတ်ခွဲအတည်ပြုလူနာအဖြစ် သတ်မှတ်ထားသော ဆေးရုံသို့ (သို့မဟုတ်) COVID-19 ရောဂါကုသရေး ဌာနများသို့ စနစ်တကျ လွှဲပြောင်းကုသရန်

ဓာတ်ခွဲအတည်ပြုလူနာနှင့် နောက်ဆုံး အကြိမ်ထိတွေ့သည့် ရက်မှ (၁၁) ရက် မြောက်နေ့တွင် ဒုတိယအကြိမ် ဓာတ်ခွဲနမူနာ ရယူ၍ RT-PCR ဖြင့် ဓာတ်ခွဲစစ်ဆေးရန်

ဒုတိယအကြိမ် ဓာတ်ခွဲနမူနာတွင် SARS-CoV2 ရောဂါပိုး မတွေ့ရှိပါက

ဒုတိယအကြိမ် ဓာတ်ခွဲနမူနာ တွင် SARS-CoV2 ရောဂါပိုး တွေ့ရှိပါက

ဒုတိယအကြိမ် ဓာတ်ခွဲနမူနာတွင် SARS-CoV2 ရောဂါပိုး မတွေ့ရှိပါက

အသွားအလာ ကန့်သတ်ထားရှိမှုစတင်သည့်ရက်မှစတင်၍ (၁၄) ရက်ပြည့်သည်အထိ သတ်မှတ်ထားသော နေရာတွင် အသွားအလာ ကန့်သတ်ထားရှိရန် (Facility quarantine)

Facility quarantine (၁၄) ရက် ပြည့်ပါက နေအိမ်တွင် (၇) ရက် ဆက်လက်၍ အသွားအလာ ကန့်သတ်ထားရှိရန် (Home quarantine)။ COVID-19 ရောဂါ သံသယလက္ခဏာများ တွေ့ရှိပါက ကျန်းမာရေးဌာနသို့ ချက်ချင်း ဆက်သွယ် အကြောင်းကြား၍ ကုသမှုဆောင်ရွက်ရန်။

မှတ်ချက်

၁။ RDT ဖြင့် စစ်ဆေးရမည့် သတ်မှတ်ရက်မတိုင်မီ COVID-19 ရောဂါ သံသယလက္ခဏာများ ပေါ်ပေါက်လာပါက RDT ဖြင့် ချက်ချင်း စစ်ဆေးရန် ဖြစ်ပါသည်။

၂။ RDT စစ်ဆေးမှုဖြင့် စံလုပ်ထုံးလုပ်နည်းများအား ကုသရေးဦးစီးဌာနမှ ဖြန့်ဝေထားသော “Standard Q COVID-19 Antigen (RDT) Test ဖြင့် ဆောင်ရွက်ရမည့် အစီအစဉ် လုပ်ငန်းလမ်းညွှန် (Version -3) (၁၁-၁၀-၂၀၂၀)” အတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ ဓာတ်ခွဲနမူနာ စစ်ဆေးရာတွင် မည်သည့်အကြိမ်တွင်မဆို SARS-CoV-2 ရောဂါပိုးတွေ့ရှိပါက သတ်မှတ်ထားသော ဆေးရုံ (သို့မဟုတ်) COVID-19 ရောဂါကုသရေးဌာနများသို့ စနစ်တကျလွှဲပြောင်းကုသရန်၊

ပြည်သူ့ကျန်းမာရေးဦးစီးဌာန